

# Yangon Stock Exchange

ရန်ကုန်စတော့အိပ်ချိန်းမှ ထုတ်ဝေသော သုံးလပတ်သတင်းလွှာ ဇူလိုင်လ ၂၀၂၆ | စာစဉ်-၂၁

- ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၊ ပထမသုံးလပတ်အတွင်း YSX ဈေးကွက် အားကောင်းစွာတိုးတက်လာ
- ရန်ကုန်စတော့အိပ်ချိန်းသို့ ပုဂ္ဂလိကသင်တန်းကျောင်းများမှ လေ့လာရေးအဖွဲ့များလာရောက်
- ACMF-ISSB Virtual Technical Training on IFRS Sustainability Disclosure Standards သို့ တက်ရောက်ခြင်း
- စာရင်းဝင်ကုမ္ပဏီများနှင့် မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ
- ပထမလပတ်အတွင်း စတော့ဈေးကွက်အခြေအနေများ




## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အားကောင်းစွာ တိုးတက်လာ

၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်၏ ပထမသုံးလပတ်အတွင်း ရန်ကုန်စတော့အိပ်ချိန်း(YSX)၏ ဈေးကွက်စွမ်းဆောင်ရည်မှာ အရောင်းအဝယ်ပမာဏနှင့် ဈေးကွက်အရောင်းအဝယ်တန်ဖိုး (Market Turnover) တို့ ဆက်လက် တိုးတက်လာမှုကြောင့် သိသိသာသာ အားကောင်းလာခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုပိုမို မြင့်တက်လာခဲ့ပြီး စာရင်းဝင်ကုမ္ပဏီအများစု၏ ရှယ်ယာဈေးနှုန်းများလည်းမြင့်တက်လာခဲ့သည်။ MTSH နှင့် FPB တို့မှာ အရောင်းအဝယ်အများဆုံး ရှယ်ယာများအဖြစ် ဆက်လက်ရပ်တည်ခဲ့ပြီး ASPGB ၏ ရှယ်ယာ ဈေးနှုန်းမှာ ၂၀၂၆ ခုနှစ်၊ ဧပြီလတွင် ကျပ် ၄၀,၀၀၀ ဝန်းကျင်ရှိခဲ့ရာမှ ၂၀၂၆ ခုနှစ်၊ ဇွန်လတွင် ကျပ် ၇၄,၀၀၀ အထိ မြင့်တက်ခဲ့ရာ ခန့်မှန်းခြေအားဖြင့် ၈၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပါသည်။ ASPGB သည် အမြတ်ဝေစုကြေညာခြင်းနှင့် ရှယ်ယာခွဲခြမ်းစိပ်ဖြာ (Share Split) မည့်သတင်း ထုတ်ပြန်ပြီးနောက် ရှယ်ယာဈေးနှုန်းနှင့် အရောင်းအဝယ်ပမာဏ နှစ်ခုစလုံး သိသိသာသာမြင့်တက်လာခဲ့ပြီး ယင်းကုမ္ပဏီ၏ Corporate Actions များအပေါ် ဈေးကွက်၏ အပြု သဘောဆောင်သော တုံ့ပြန်မှုကို ထင်ဟပ်စေခဲ့ပါသည်။ ယေဘုယျအားဖြင့် ယခုသုံးလပတ်အတွင်း ဈေးကွက်၏ ငွေဖြစ်လွယ်မှု (Liquidity) ပိုမိုကောင်းမွန်လာခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများ၏ပါဝင်ရောင်းဝယ်မှုနှင့် ဈေးကွက်အပေါ် ယုံကြည်မှုတို့လည်း ဆက်လက်မြင့်တက်လာခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်းသို့ပုဂ္ဂလိကသင်တန်းကျောင်းများမှလေ့လာရေးအဖွဲ့များလာရောက်

Nay Linn Aung Finance & Accountancy Academy မှ ဧပြီလ (၈) ရက်နေ့တွင် သင်တန်းသား/သူ (၄၇) ဦး ပါဝင်သော လေ့လာရေးအဖွဲ့၊ ဧပြီလ (၉) ရက်နေ့တွင် သင်တန်းသား/သူ (၄၅) ဦး ပါဝင်သော လေ့လာရေးအဖွဲ့၊ STI Myanmar College မှ သင်တန်းသား/သူ (၅၁) ဦး ပါဝင်သော လေ့လာရေးအဖွဲ့နှင့် Myanmar Imperial College မှ သင်တန်းသား/သူ (၅၉) ဦး ပါဝင်သော လေ့လာရေးအဖွဲ့ တို့သည် ၂၀၂၆ ခုနှစ်၊ ဧပြီလနှင့် ဇွန်လ များတွင် ရန်ကုန်စတော့အိပ်ချိန်းသို့ လေ့လာရေးခရီး လာရောက်ခဲ့ကြပါသည်။ အဆိုပါ ခရီးစဉ်များအတွင်း ရန်ကုန်စတော့အိပ်ချိန်းမှ လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ် ဦးမင်းသူမှ "Overview of Capital Market" ခေါင်းစဉ်ဖြင့် အရင်းအနှီးဈေးကွက်ဆိုင်ရာ သိကောင်းစရာများနှင့် စတော့ရှယ်ယာ များ မည်ကဲ့သို့ ရောင်းဝယ်ကြသည်များကို ရှင်းလင်းပို့ချ အသိပညာမျှဝေ ပေးခဲ့ပါ သည်။ တက္ကသိုလ်များနှင့် ပုဂ္ဂလိကပညာရေးသင်တန်းကျောင်းများ၏ လေ့လာရေးခရီးစဉ်များကို ရန်ကုန် စတော့အိပ်ချိန်းမှ လက်ခံ ဆောင်ရွက်ပေးလျက် ရှိပြီးလေ့လာရေးလာရောက်လိုပါက ရုံးချိန်အတွင်း ဖုန်း (၀၁-၈-၃၇၁ ၂၇၄) သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။



## ACMF-ISSB Virtual Technical Training on IFRS Sustainability Disclosure Standards သို့ တက်ရောက်ခြင်း

ASEAN Capital Markets Forum (ACMF) ၏ Disclosure Working Group နှင့် International Sustainability Standards Board (ISSB) တို့ ပူးပေါင်းကျင်းပသည့် ACMF-ISSB Virtual Technical Training on IFRS Sustainability Disclosure Standards ကို ၂၀၂၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် Virtual စနစ်ဖြင့် ကျင်းပခဲ့ပါ သည်။ အဆိုပါသင်တန်းသို့ ရန်ကုန်စတော့အိပ်ချိန်းမှ အကြီးတန်း အရာရှိများ အွန်လိုင်းမှတဆင့် တက်ရောက်ခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ Sustainability Disclosure ဆိုင်ရာ တိုးတက်မှုများ၊ ISSB ၏ လုပ်ငန်းအစီအစဉ်များနှင့် IFRS Sustainability Disclosure Standards အကောင်အထည်ဖော်ရေးဆိုင်ရာ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများကို လေ့လာခဲ့ကြပါသည်။ အဆိုပါသင်တန်းသည် Sustainability Reporting ဆိုင်ရာ အသိပညာနှင့် နားလည်မှုကို ပိုမိုမြှင့်တင်ပေးပြီး ASEAN အရင်းအနှီးဈေးကွက်များတွင် ISSB Standards များကို တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

စာမျက်နှာ- ၂ သို့

# စာရင်းဝင်ကုမ္ပဏီများနှင့်မှတ်ပုံတင်ကုမ္ပဏီများ၏ အရေးကြီးထုတ်ပြန်ချက်များ ဧပြီ-မေ-ဇွန်-၂၀၂၆

## FMI

- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း
- နှစ်ပတ်လည်အစီရင်ခံစာအားထုတ်ပြန်ကြေညာခြင်း

## MTSH

- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း

## MCB

- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ခြင်း

## FPB

- ဆုကြေးရှယ်ယာ ခွဲဝေခြင်းကို အသိပေးကြေညာခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း

## TMH

- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း

## AMATA

- အဌမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည့်ရက် ကြိုတင်အသိပေးကြေညာခြင်း
- အစုရှယ်ယာရှင်များသို့အသိပေးအကြောင်းကြားခြင်း
- အဌမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ

## MAEX

- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း

## MADPL

- ခေတ်မီသိုလှောင်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြေညာခြင်း
- ခေတ်မီသိုလှောင်ရုံဖွင့်ပွဲအခမ်းအနားအားအသိပေးကြေညာခြင်း
- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း

## ASPGB

- နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေး ဖိတ်ကြားလွှာ
- ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း
- စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း
- အထူးအထွေထွေ အစည်းအဝေး ဖိတ်ကြားခြင်း

# LISTED & REGISTERED COMPANIES UPDATES (Q1-2026-27)

■ **FMI | Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့် လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/183T0

■ **FMI | Jun 2026**
**နှစ်ပတ်လည်အစီရင်ခံစာအားထုတ်ပြန်ကြေညာခြင်း**
FMI အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကုမ္ပဏီတည်ထောင်ခြင်း နှစ်ပတ်လည် ၃၅ နှစ်ပြည့် နှင့် ၂၀၂၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအား အစုရှယ်ယာရှင်များထံ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/fGtF1

■ **MTSH| Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/jwNIP

■ **MTSH | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
MTSH အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် စုပေါင်း ဘဏ္ဍာရေး ရှင်းတမ်း များအား အများပြည်သူထံသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/maJP5

■ **MCB| Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
MCB မှ ၂၀၂၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ၃၁.၃.၂၀၂၆တွင်ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၅-၂၆အတွက် ဘဏ္ဍာရေးရှင်းတမ်းများ အားရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/1DyPs

■ **MCB| Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးမှုများနှင့် လေ့လာဆန်းစစ်ချက်များထုတ်ပြန်ခြင်း**
MCB မှ ၂၀၂၆ ခုနှစ်< ဇွန်လ ၃၀ ရက်နေ့တွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/I2QWN

■ **FPB| Apr 2026**
**ဆုကြေးရှယ်ယာ (Bonus Shares) ခွဲဝေခြင်းကို အသိပေးကြေညာခြင်း**
FPB သည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့တွင် ဆုကြေးရှယ်ယာ (Bonus Share) ခွဲဝေမည့်ကိစ္စရပ်များအား အစုရှယ်ယာရှင်များသို့ အသိပေးကြေညာခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/PeShs

■ **FPB | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
FPB မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့တွင် ၃၁.၃.၂၀၂၆ တွင် ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအား အစုရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/rPDjD

■ **FPB | Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
FPB မှ ၂၀၂၆ ခုနှစ်< ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/6V53x

■ **TMH | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
TMH TELECOM PUBLIC COMPANY LIMITED သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၃၁.၃.၂၀၂၆ တွင် ကုန်ဆုံးသော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အစီရင်ခံစာ များအား ရှယ်ယာရှင်များ ထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/cjAxH

■ **TMH | Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
TMH ကုမ္ပဏီလီမိတက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ၂၀၂၆ ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက် များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/FNOqJ

■ **AMATA | May 2026**
**အဌမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည့်ရက် ကြိုတင်အသိပေးကြေညာခြင်း**
၂၀၂၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် AMATA ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကျင်းပမည့် အဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကျင်းပမည့် ရက်အား အစုရှယ်ယာရှင်များ ထံသို့ ကြိုတင် ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/6LVls

■ **AMATA | Jun 2026**
**အစုရှယ်ယာရှင်များသို့ အသိပေးအကြောင်းကြားခြင်း**
၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် AMATA ကုမ္ပဏီမှ ကုမ္ပဏီ၏ချေးငွေပြန်လည်ပေးအပ်ခြင်းဆိုင်ရာအစီအစဥ်နှင့်စပ်လျဥ်း၍ အစုရှယ်ယာရှင်များထံသို့ အသိပေး ထုတ်ပြန်ခဲ့သည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/DRL8q

■ **AMATA| Jun 2026**
**အဌမ အကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ**
၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် AMATA ကုမ္ပဏီသည် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်နေ့တွင် ကျင်းပမည့် အဌမအကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ဖိတ်ကြားလွှာအား အစုရှယ်ယာရှင်များ ထံသို့ ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/7joYE

■ **MAEX | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
MAEX ကုမ္ပဏီမှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၃၁.၃.၂၀၂၆ တွင် ကုန်ဆုံးသော ဘဏ္ဍာရေးနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းများအား ရှယ်ယာရှင်များထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/FpJ4d

■ **MADPL | May 2026**
**ခေတ်မီသိုလှောင်ရုံတည်ဆောက်ပြီးစီးမှုအခြေအနေများအားတင်ပြခြင်း**
၂၀၂၆ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် MADPLအများပိုင် ကုမ္ပဏီလီမိတက်မှ သီလဝါအကွက်အမှတ်(၂၉)တွင်ဆောက်လုပ်လျက်ရှိသော ခေတ်မီသိုလှောင်ရုံတည်ဆောက်ပြီးစီးမှု အခြေအနေများအား အစုရှယ်ယာရှင်များထံ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/Is9uG

■ **MADPL | Jun 2026**
**ခေတ်မီသိုလှောင်ရုံဖွင့်ပွဲအခမ်းအနားအားအသိပေးကြေညာခြင်း**
၂၀၂၆ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် MADPLအများပိုင် ကုမ္ပဏီလီမိတက်မှ သီလဝါအကွက်အမှတ်(၂၉)တွင်ဆောက်လုပ်ပြီးစီးသော ခေတ်မီသိုလှောင်ရုံ(၁)ဖွင့်ပွဲအခမ်းအနား နှင့် လုပ်ငန်းစတင်လည်ပတ်ခြင်း အခြေအနေများအား အစုရှယ်ယာရှင်များအား အသိပေးကြေညာ စာထုတ်ပြန်ခဲ့ပါသည်။
အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/CiYNB

■ **MADPL | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
MADPLအများပိုင် ကုမ္ပဏီလီမိတက်သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၃၁.၃.၂၀၂၆ တွင်ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ် အစီရင်ခံစာ များအားရှယ်ယာရှင်များ ထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/S7jRS

■ **MADPL | Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
MADPLအများပိုင် ကုမ္ပဏီလီမိတက် မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၂၀၂၆ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေညာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/N8XYz

■ **ASPGB| Jun 2026**
**နဝမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးဖိတ်ကြားလွှာ**
၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့တွင် ASPGB အများပိုင် ကုမ္ပဏီလီမိတက် သည် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၇) ရက်နေ့တွင် ကျင်းပမည့် နဝမ အကြိမ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေး ဖိတ်ကြားလွှာအား အစုရှယ်ယာရှင်များ ထံသို့ကြိုတင် ထုတ်ပြန်အသိပေးခဲ့သည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/IQyvA

■ **ASPGB | Jun 2026**
**ဘဏ္ဍာရေးရှင်းတမ်းများထုတ်ပြန်ကြေညာခြင်း**
ASPGB အများပိုင် ကုမ္ပဏီလီမိတက် သည် ၂၀၂၆ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ၃၁.၃.၂၀၂၆တွင်ကုန်ဆုံးသောဘဏ္ဍာရေးနှစ်အတွက် ၂၀၂၅-၂၆အတွက်ပြင်ပ စာရင်းစစ် အစီရင်ခံစာ များအားရှယ်ယာရှင်များ ထံသို့ အသိပေးထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/NhJ2b

■ **ASPGB | Jun 2026**
**စီမံခန့်ခွဲရေးအဖွဲ့၏ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များ ထုတ်ပြန်ကြေညာခြင်း**
ASPGB အများပိုင် ကုမ္ပဏီလီမိတက် မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၂၀၂၆ခုနှစ်၏ စာရင်းစစ်ဆေးပြီး ဘဏ္ဍာရေး ရှင်းတမ်းအပေါ် စီမံခန့်ခွဲရေးအဖွဲ့၏ ဆွေးနွေးချက်နှင့်လေ့လာသုံးသပ်ချက်များကို ရှယ်ယာရှင်များထံသို့ အသိပေးကြေငြာခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/o6cwX

■ **ASPGB | Jun 2026**
**အထူးအထွေထွေအစည်းအဝေးဖိတ်ကြားခြင်း**
ASPGB အများပိုင် ကုမ္ပဏီလီမိတက်မှ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပမည့် အထူးအထွေထွေအစည်းအဝေးနှင့်ပတ်သက်၍ရှယ်ယာရှင်များ ထံသို့ အသိပေး ထုတ်ပြန်ခဲ့ပါသည်။ အသေးစိတ်ကြည့်ရှုရန်: https://shorturl.at/rCyWt

စာမျက်နှာ- ၃ သို့

# ၂၀၂၆-၂၀၂၇ ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


## Continuous Trading + Block Trading (Main Board+ Pre Listing Board )

| STATISTCS AT A GLANCE | Q4-25/26 (Jan-Mar) | Q1-26/27 (Apr-Jun) | %CHANGE |
|---|---|---|---|
| အရောင်းအဝယ်ပြုလုပ်သည့်ရက်စုစုပေါင်း | ၅၈ | ၅၆ | -၄% |
| စာရင်းဝင်ကုမ္ပဏီအရေအတွက် | ၈ | ၈ | |
| မှတ်ပုံတင်ကုမ္ပဏီအရေအတွက် | ၂ | ၂ | |
| စတော့အညွှန်းကိန်း (MYANPIX) | ၆၄၄.၁၈ | ၈၂၅.၂၉ | ၂၂% |
| စတော့အညွှန်းကိန်း (PLB Index) | ၃၅၀၅.၆၁ | ၄၇၇၂ | ၂၇% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (Main Board) | ၁,၅၄၄,၈၅၉ | ၁,၅၅၈,၅၆၇ | ၁% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (PLB) | ၂၉၂,၇၄၇ | ၇၆,၁၈၈ | -၂၈၄% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေစုစုပေါင်း (MB+PLB) | ၁,၈၃၇,၆၀၆ | ၁,၆၃၄,၇၅၅ | -၁၂% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်ရှယ်ယာစောင်ရေ (MB+PLB) | ၃၁,၆၈၃ | ၂၉,၁၉၂ | -၉% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB) | ၅,၈၁၉ | ၉,၁၁၃ | ၃၆% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB) | ၁,၃၉၆ | ၁,၁၄၁ | -၂၂% |
| အရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB) | ၇,၂၁၄ | ၁၀,၂၅၄ | ၃၀% |
| နေ့စဉ်ပျမ်းမျှအရောင်းအဝယ်ဖြစ်မြောက်သည့်စတော့ရှယ်ယာတန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း)(MB+PLB) | ၁၂၄ | ၁၈၃ | ၃၂% |
| ဈေးကွက်တန်ဖိုးစုစုပေါင်း(ကျပ်သန်းပေါင်း) (MB+PLB) | ၁,၂၉၆,၀၁၅ | ၁,၈၄၂,၅၁၇ | ၃၀% |


## QUARTERLY STOCK PERFORMANCE (Q1- 2026-27)

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


### Continuous Trading Only





**ရှယ်ယာစောင်ရေစုစုပေါင်း - ၆၇,၈၄၅**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၀၇၃.၉၄**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၂၇၉,၈၄၀**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၁၁၈.၇၆**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၂၃,၄၀၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၅၈.၁၂**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၂၀၃,၃၇၂**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၁၀၆၉.၅၆**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၁,၁၂၉**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၉.၇၉**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၃၁၆,၈၁၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၆၀၃.၉၃**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၈,၇၇၉**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃၅.၀၄**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၄၃,၃၂၉**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၇၂၁.၉၂**





**ရှယ်ယာစောင်ရေစုစုပေါင်း - ၁,၀၅၄,၅၁၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၅,၉၂၁.၀၇**

စာမျက်နှာ- ၄ သို့


# QUARTERLY STOCK PERFORMANCE (Q1- 2026-27)

## ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပထမသုံးလပတ်အတွင်း YSX ဈေးကွက်အခြေအနေ


**Continuous Trading Only**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၁၂,၀၀၇**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၄၇.၆၂**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၇၀,၀၂၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၂၃၂.၉၄**




**ရှယ်ယာစောင်ရေစုစုပေါင်း - ၈၂၂,၁၀၃**
**တန်ဖိုးစုစုပေါင်း(ကျပ်သန်း) - ၃,၁၁၁.၉၁**